# RESIDENT EVIL

## အမ်ဘရဲလားလျှို့ဝှက်စီမံကိန်း

ကျော်မျိုးနိုင် (မြန်မာပြန်)

## (CHAPTER -14)

# Chapter (14)

ဂျေးလ်မှာ မှောင်မိုက်နေသော ဥမင်လိုဏ်ခေါင်း အတွင်းရှိ ကျယ်ဝန်းလှသော တွင်းကြီး၏ အစွန်းနားတွင် ရပ်ရင်း စိတ်အိုက်စွာဖြင့် တွင်းတစ်ဖက်ခြမ်းမှ တံခါးဆီသို့ ငေးကြည့်နေမိသည် ။ တွင်းက ခုန်ကျော်ဖို့ မဖြစ်နိုင် လောက်အောင် အလွန် ကျယ်ဝန်းသည် ။ အောက်သို့ တွယ်ဆင်းရန်လည်း မဖြစ်နိုင်ပေ။ အနည်းဆုံး သူမ ကြည့်ရသလောက်တော့ လမ်းမတွေ့ရပေ။ သူမမှာ နောက်ကြောင်းသို့ ပြန်လှည့်ပြီး လှေကားအနီးမှ တံခါးကိုဖွင့်ရန် ကြိုးစား ရတော့မည်။

ဂျေးလ်၏ မချင့်မရဲဖြင့် သက်ပြင်း ချလိုက်သံက ခိုက်ခိုက်တုန်နေသော အသံအဖြစ် ပြောင်းလဲသွားသည် ။ သူမတစ်ကိုယ်လုံး စိုရွှဲပြီး ရေတပေါက်ပေါက် ကျမနေခဲ့လျှင်တောင် ကျောက်သား နံရံများမှ ထွက်ပေါ်လာသော အေးစက် စိုထိုင်းမှုက အတော် ဆိုးလှပေပြီ။

တကယ်ကောင်းတဲ့ လျှို့ဝှက်လမ်းပဲ... ဒီလမ်းကိုသုံးရင် နမိုးနီးယားဝင်မှာ တော့ ကျိန်းသေတယ်...။

သူမ ပြန်လှည့်လိုက်ချိန်တွင် ပြောင်ပြောင် လက်လက် ဖြစ်နေသော သတ္တုရောင်ဆီသို့ အာရုံရောက် သွားသည် ။ ဘွတ်ဖိနပ်အတွင်းမှ ခြေထောက်က လမ်းလျှောက် လိုက်တိုင်း တစွပ်စွပ် မြည်သံ ထွက်နေ၏။ ဂျေးလ်မှာ မျက်လုံးရှေ့မှ စိုစွတ်နေသော ဆံနွယ်ကို ဘေးသို့

သိမ်းလိုက်ပြီး အောက်သို့ငုံ့၍ ထိုအရာကို ချောင်းကြည့် လိုက်သည် ။ ထိုအရာမှာ ကျောက်သား အတွင်းတွင် မြှုပ်နှံထားသော သံပြားလေးတစ်ခု ဖြစ်သည် ။ သံပြား၏ အလယ်တွင် လေးပုံတစ်ပုံခန့် နေရာယူထားသော ခြောက်ထောင့် ပုံသဏ္ဍာန် အပေါက်တစ်ခု ရှိနေသည် ။ ဂျေးလ်မှာ တွေးတွေးဆဆဖြင့် တံခါးဘက်သို့ ပြန်လှည့် ကြည့်မိလိုက်သည် ။

ဒါက တံတားပေါ် လာမှာ လား... ဒါမှ မဟုတ် အောက်ကို ဆင်းတဲ့ လှေကားများ ပေါ်လာ မလားပဲ...။

သူမထံတွင် ထိုအရာကိုဖွင့်ရန် လိုအပ်သော ကိရိယာ မရှိသည့် အတွက် စိတ်ဝင်စား သော်လည်း ဘာမှ မတတ်နိုင်ပေ။ ဤလမ်းမှာ လုံးဝ အဆုံးသတ် သွားလေပြီ။ ထို့အပြင် သူမ မြင်လိုက်ရသော ရေတံခွန် အတွင်းသို့ ဝင်ရောက် သွားသူမှာ ဤလမ်းမှ ဖြတ်သန်းသွားပုံ မရပေ။

ဂျေးလ်မှာ အကွေ့အကောက်များ နှင့် လမ်းအတိုင်း ပြန်လှည့်ပြီး ဥမင်လိုဏ်ခေါင်း အဝင်ဝဆီသို့ လျှောက်လာသည် ။ ရေတံခွန် နောက်ဘက်တွင် တွေ့လိုက်ရသော လျှို့ဝှက်လမ်းကြောင့် သူမ အံ့သြမိနေဆဲပင်။ ဥမင်လိုဏ်ခေါင်း လမ်းကြောင်းများ အားလုံးမှာ စံအိမ်ကြီး၏ အောက်ခြေတွင် ရှိနေပုံရသည် ။

ဥမင်နံရံများက မညီမညာ ကြမ်းတမ်းသော သဲဆန်သည့် ထုံးကျောက် တုံးများ ဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပြီး ပုံသဏ္ဍာန် ထူးခြားသော ထောင့်စွန်းများ ငေါ်ထွက်နေ ကြသည် ။ သို့သော် ဤကဲ့သို့ မြေအောက်လမ်းမျိုးကို တည်ဆောက်ခြင်းမှာ စိတ်ကူးနှင့် ပင် တွေးကြည့်၍ မရအောင် အလွန် ကြီးကျယ်သည့် အလုပ် ဖြစ်၏။

လှေကားဘေးမှ သတ္တုတံခါးဆီသို့ ရောက်လာချိန်တွင် ဂျေးလ်မှာ အပေါ်ဘက် ခြံဝင်းမှ ဆင်းသက်လာသော လေအေးများကြောင့် မေးခို

က်ခိုက်တုန်ပြီး သွားချင်းရိုက်သံ တဂတ်ဂတ် မထွက်အောင် ကြိုးစား နေရသည် ။ ရေတံခွန်အသံက ထူးထူးခြားခြား တိုးသဲ့သွားသည် ။ ကျောက်သား ကြမ်းပြင်ပေါ်သို့ တပေါက်ပေါက် ပုံမှန် ကျဆင်းနေသည့် ရေစက် ရေပေါက်များ ၏ စည်းချက်ကျသော ပဲ့တင်ထပ်နေသံက ပိုမို ကျယ်လောင်နေပြီး ဥမင်များကို အတော်လေး အလယ်ခေတ် ဆန်သော ခံစားချက်မျိုး ပေးစွမ်းနေသည် ။

သူမ တံခါးကို ဆွဲဖွင့်လိုက်သည် နှင့် ခံစားချက်မျိုးစုံ ရောပြွမ်းလျက် တစ်ကိုယ်လုံး တောင့်တင်း သွားသည် ။ ဂျေးလ်မှာ ချာခနဲ လှည့်လာ သော ဘယ်ရီဘာတန်နှင့် မျက်နှာချင်း ဆိုင်မိလျက်သား ဖြစ်သွား၏။ ဘ ယ်ရီလက်ထဲတွင် ခြောက်လုံးပြူး သေနတ် ကိုင်ထားသည် ။ အံ့သြသင့် ဖွယ် အောင်မြင်မှုပင်တည်း။

"ဘယ်ရီ..."

ဘယ်ရီက သေနတ်ကို အမြန် နှိမ့်ချလိုက်ရင်း သူမကဲ့သို့ပင် မှ င်တ က်သွားပုံ ရသည် ။ သူ့ကိုယ်မှာ လည်း ရေများ စိုရွှဲနေ၏။ တီရှပ်က ကျ ယ်ဝန်းသော ပခုံးပေါ်တွင် ကပ်နေသလို ဆံပင်တိုလေးကလည်း ခေါင်း ပေါ်တွင် ပိပြားနေ၏။

"ဂျေးလ်... နင် ဒီကို ဘယ်လို ဆင်းလာတာလဲ"

"ပြောရရင်တော့ ရှင် ဆင်းသလိုပဲ ဆင်းလာခဲ့တယ် ဆိုပါတော့... ဒါ နဲ့ ရှင် ဒီနေရာကို ဘယ်လိုလုပ်ပြီး သိနေတာလဲ"

ဘယ်ရီက လက်ကိုမြှောက်ပြီး တိုးတိုးပြောရန် အချက်ပြ လိုက်သည် ။

"နားထောင်ဦး..."

သူတို့ နှစ်ယောက်မှာ စိတ်လေးလံဖွယ် တိတ်ဆိတ်မှုထဲတွင် ရပ်နေကြသည်။ ဂျေးလ်မှာ ကျောက်သား စကြီလမ်းကို အပေါ်အောက် ကြည့်လိုက်သော်လည်း ဘယ်ရီ ကြားလိုက်ရသည် ဆိုသော အသံအား သူမ မကြားရပေ။ စကြီလမ်း၏ အစွန် နှစ်ဖက်လုံးတွင် သတ္တုတံခါးများ ရှိနေပြီး ခေါင်းပေါ်မှ မီးများ ၏ မှိန်ဖျော့ဖျော့ အလင်းရောင်ကြောင့် အ ရိပ်ကျနေသည်။

"ငါ တစ်ခုခု ကြားလိုက်ရတယ် ထင်တယ်..."

ဘယ်ရီက နောက်ဆုံး ပြောလိုက်သည်။

"အသံတွေ..."

ဂျေးလ် ဘာမှ မမေးနိုင်ခင်မှာ ပင် ဘယ်ရီက လှည့်လာကာ သူမနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး မသက်မသာ ပြုံးပြသည်။

"ဒီမှာ ... ငါ နင့်ကို မစောင့်နိုင်ခဲ့တာ တောင်းပန်ပါတယ်... ငါ ဥယျာဉ်ထဲမှာ တစ်ယောက်ယောက် လျှောက်သွားတဲ့ အသံကို ကြားလိုက်ရလို့ စစ်ဆေးကြည့်မိတာ... ခလုတ်တိုက်သလို ဖြစ်ပြီး လိမ့်ကျရင်း ဒီနေရာကို မတော်တဆ တွေ့လိုက်ရတာပဲ... ဘာပဲဖြစ်ဖြစ်... နင့်ကို ဒီမှာ တွေ့ရတာ ဝမ်းသာတယ်... ဒီနေရာကို စစ်ဆေးပြီး ဘာတွေ ရှာတွေ့မလဲ ကြည့်ကြရအောင်..."

ဂျေးလ်မှာ ယခု အချိန်တွင် တော့ မသိချင်ယောင် ဆောင်ပေးလိုက်ဦး မည်ဟု ဆုံးဖြတ်ရင်း ခေါင်းညိတ် ပြလိုက်သည်။ သူမ သံသယ လွှန်ကဲနေခြင်း ဖြစ်နိုင်သော်လည်း ဘယ်ရီ၏ အသံ အနေအထားအရ သူမအား တွေ့လိုက်ရခြင်းကို လုံးဝ ဝမ်းသာပုံမရပေ။

အချိန်ဆိုင်းပြီး စောင့်ကြည့်ဦး...။

သူမ၏ အတွင်းစိတ်မှ တိုးတိုးလေး ပြောလိုက်သည် ။ ယခုအချိန်တွင် သူမအတွက် အခြား လုပ်နိုင်တာ မရှိပေ။

ဘယ်ရီက လက်ယာဘက် တံခါးဆီသို့ ဦးဆောင်သွားပြီး သူ့ ကို့လ်တ် သေနတ်ကို အသင့် မြှောက်ထားရင်း တံခါးလက်ကိုင်ကို ဆွဲဖွင့်လိုက်သည် ။ တံခါး နောက်ဘက်တွင် မှောင်ရိပ်သန်းနေသည့် နောက်ထပ် လိုဏ်ခေါင်းတစ်ခု ရှိနေ၏။

လက်ယာဘက်သို့ ခြေလှမ်း အနည်းငယ်ခန့် လျှောက်ပြီးနောက် လမ်းက ရုတ်တရက် စမ်းမမြင်ရလုနီးပါး မှောင်မိုက်နေသည့် အမှောင်ထု အတွင်းသို့ ကွေ့သွားသည် ။ လမ်းကွေ့နှင့် မျက်နှာချင်းဆိုင်တွင် နောက်ထပ် သတ္တုတံခါးတစ်ချပ် ရှိနေသည် ။ ဘယ်ရီက တံခါးဆီသို့ အချက်ပြလိုက်ပြီး ဂျေးလ်က ခေါင်းညိတ်လိုက်သည် ။ သူက တံခါးကို တွန်းဖွင့်လိုက်သောအခါ သူတို့ နှစ်ယောက်မှာ နောက်ထပ် တိတ်ဆိတ်နေသော စင်္ကြံတစ်ခုအတွင်းသို့ ရောက်သွား ပြန်သည် ။

ဂျေးလ်မှာ ကျောက်သားနံရံများကို အကဲခတ်ရင်း သက်ပြင်းတစ်ချက် အတွင်း ကျိတ်ချလိုက်မိပြီး သူမတွင် မြေဖြူတစ်ခဲလောက် ပါခဲ့သော် ကောင်းလေစွဟု တောင့်တမိသည် ။ သူမတို့ လက်ရှိရောက်နေသော လိုဏ်ခေါင်းမှာ လည်း အခြား လိုဏ်ခေါင်းများကဲ့သို့ပင် တစ်ပုံစံတည်း ဖြစ်နေပြီး အရှေ့တွင် လက်ဝဲဘက်သို့ ကွေ့သွားသည် ။

ဂျေးလ်မှာ မျက်စိလည်လာသလို ခံစားနေရလေပြီ။ နောက်ထပ် အလှည့်အပတ် အကွေ့အကောက် အများကြီး ရှိမနေဖို့ သူမ မျှော်လင့်နေမိသည် ။

"ဟဲလို... ဘယ်သူလဲ..."

ရင်းနှီးနေသော အသံသြဖြင့် အော်ပြောသံ တစ်ချက်က သူတို့ ၏

ရှေ့ဘက် တစ်နေရာဆီမှ ထွက်ပေါ် လာပြီး လိုဏ်ခေါင်းတစ်လျှောက် ပဲ့တင် ထပ်သွားသည် ။

"အင်ရီကိုလား..."

ဂျေးလ်က အော်ခေါ်လိုက်သည် ။

"ဂျေးလ်... ဂျေးလ်လား... အခုပြောတာ နင်လား..."

ဂျေးလ်မှာ စိတ်လှုပ်ရှားစွာဖြင့် လမ်းချိုးဆီသို့ ခြေလှမ်း အနည်းငယ်မျှ ပြေးသွားပြီး ကွေ့လိုက်သည် ။ ဘယ်ရီက သူမနောက်မှ ပါလာသည် ။ ဘရာဗို အဖွဲ့ခေါင်းဆောင်မှာ အသက် ရှင်နေဆဲဖြစ်ပြီး တစ်နည်းနည်းဖြင့် ဤနေရာသို့ ဆင်းလာခဲ့ပုံ ရသည် ။

နောက်ထပ် ထောင့်ချိုးကို ကွေ့လိုက်ချိန်တွင် နံရံတွင် မှီထိုင်နေသော သူ့ကို တွေ့လိုက်ရသည် ။ ဤနေရာတွင် လိုဏ်ခေါင်းက ကျယ်ပြန့်သွားပြီး မှောင်ရိပ် သန်းနေသော နံရံတွင်း အခန်း တစ်ခန်းတွင် အဆုံးသတ် သွားသည် ။

"နေဦး... အဲဒီမှာ ပဲ ရပ်နေ..."

သူမဆီသို့ ချိန်ရွယ်ထားသည့် ဘာရက်တာ သေနတ်ကို ကြည့်ရင်း ဂျေးလ် တောင့်တင်း သွားသည် ။ သူ ဒဏ်ရာ ရထားသည် ။ သူ့ခြေထောက်မှ သွေးများ စိမ့်ထွက်နေပြီး ကြမ်းပြင်ပေါ်တွင် အိုင်နေသည် ။

"မင်းနဲ့ အတူ နောက်ထပ် ဘယ်သူ ပါလာသေးလဲ ဂျေးလ်..."

သူ့အနက်ရောင် မျက်လုံးများက သံသယဖြင့် ကျဉ်းမြောင်းနေပြီး သူ့ဆီမီး အော်တိုမက်တစ် သေနတ်၏ အနက်ရောင် ပြောင်းဝက မယိမ်းမယိုင် ချိန်ရွယ်ထားသည် ။

"ဘယ်ရီလည်း ပါတယ်... အင်ရီကို... ဘာဖြစ်လို့ လဲ...ဒါက ဘာသဘောလဲ"

ဘယ်ရီက ထောင့်ကွေ့နောက်မှ လှမ်းထွက်လာသည် ။ အင်ရီကိုမှာ သူတို့ နှစ်ယောက်လုံးကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ စူးရှသော အကြည့်ကို ပြန်ရုပ်သိမ်းကာ စိတ်လှုပ်ရှားစွာ ရှေ့သို့ တိုးလိုက်ချိန်တွင် ပျော့ခွေ ကျသွားသည် ။ သူက သေနတ်ကို နှိမ့်ချလိုက်ပြီး ကျောက်တုံးကို ပြန်မှီလိုက်၏။ ဘယ်ရီနှင့် ဂျေးလ်တို့ မှာ ရှေ့သို့ ကပျာကယာတိုးသွားပြီး ဒဏ်ရာရနေသည့် ဘရာဗို အဖွဲ့ခေါင်းဆောင်၏ ဘေးတွင် ထိုင်ချလိုက်ကြသည် ။

"ဒီလိုလုပ်ရတာ တောင်းပန်ပါတယ်..."

သူက အားနည်းစွာဖြင့် ပြောသည် ။

"ငါ သေချာအောင် လုပ်မှ ဖြစ်မယ်..."

သူ၏ နောက်ဆုံး ကျန်သည့် ခွန်အားလေးဖြင့် ကာကွယ်ရန် ကြိုးစားခြင်း ပေတည်း။ ဂျေးလ်က သူ့လက်ကို နူးညံ့စွာ လှမ်းကိုင် လိုက်သောအခါ မည်မျှထိ သွေးဆုတ်နေသည် ကို သတိပြုမိလိုက်သည် ။ သူ့ပေါင်မှ သွေးများ ယိုစိမ့်နေပြီး ဘောင်းဘီတစ်ခုလုံး သွေးများ ဖြင့် ရွှဲနစ်နေသည် ။

"ဒီကိစ္စ တစ်ခုလုံးက စီစဉ်ထားတာပဲ..."

သူက အသက်ရှူရင်း ဂျေးလ်အား မျက်ရည်ဝေ့သီနေသော အကြည့်ဖြင့် ကြည့်လိုက်သည် ။

"ငါ လမ်းပျောက်သွားပြီး... တံတိုင်းကို ကျော်တက် လိုက်တော့... ဥမင် လိုဏ်ခေါင်းတွေ တွေ့လိုက်ရတယ်... ပြီးတော့ စာရွက်ကို ကောက်ရ

တယ်... အမ်ဘရဲလားက ... ဒါတွေအားလုံးကို သိနေတယ်..."

ဘယ်ရီ၏ အမူအရာမှာ မိုးကြိုးပစ်ချ ခံလိုက်ရသလို ဖြစ်သွားပြီး သူ့မျက်နှာက အင်ရီကိုကဲ့သို့ပင် ဖြူဖပ်ဖြူရော် ဖြစ်သွားသည် ။

"နေဦး... ရီကို... ငါတို့ မင်းကို ဒီနေရာက ခေါ်ထုတ် သွားရမယ်... မင်းက ဒီလို ဖြစ်နေတာတောင် လိမ်ပြောနိုင်သေးလား.."

အင်ရီကိုမှာ ဂျေးလ်ကို အကြည့်မလွှဲပဲ ခေါင်းခါ ယမ်းလိုက်သည် ။

"S.T.A.R.S တပ်ဖွဲ့ထဲမှာ သစ္စာဖောက် တစ်ယောက် ရှိတယ်..."

သူက လေသံသဲ့သဲ့ဖြင့် ပြောလိုက်သည် ။

"သူက ငါ့ကိုပြောတာ..."

"ဒိုင်း... ဒိုင်း..."

အင်ရီကို၏ ရင်ဘတ်တွင် ရုတ်တရက် အပေါက်နှစ်ပေါက် ဖြစ်ပေါ်လာပြီး သူ့ခန္ဓာကိုယ်က မြောက်တက် သွားသည် ။ ပန်းထွက်လာသော သွေးများက သူတို့ နှစ်ယောက်ကို စဉ်သွားသည် ။ သေနတ်သံများ ပဲ့တင်ထပ်နေဆဲမှာ ပင် သူတို့ နောက်ဘက် စင်္ကြံလမ်းအတွင်းမှ အဝေးသို့ ထွက်ပြေးသွားသော ခြေသံများအား ကြားလိုက် ကြရသည် ။

ဘယ်ရီ ခုန်ထပြီး စင်္ကြံလမ်းချိုးဆီသို့ တစ်ဟုန်ထိုး ပြေးလိုက်သွားစဉ် ဂျေးလ်မှာ ကြံရာမရစွာဖြင့် အင်ရီကို၏ ဆန့်ငင်ဆန့်ငင် ဖြစ်နေသော လက်ကို ဆုပ်နယ် ပေးနေမိသည် ။ သူမ၏ နှလုံးသားမှာ အောင့်သက်နာကျင်စွာ ဆောင့်၍ ခုန်နေသည် ။ အင်ရီကိုမှာ ပစ်လဲသွားပြီး အေးစက်နေသော ကျောက်သား ကြမ်းပြင်နှင့် မထိတွေ့ခင်မှာ ပင် အသက်ပျောက် သွားလေ၏။

ဘယ်ရီ၏ ပြေးလိုက်သွားသော ခြေသံများ အဝေးသို့ ရောက်ရှိ သွား ချိန်တွင် သူမ ခေါင်းထဲတွင် မေးခွန်းများ ပလုံစီနေသည် ။

အင်ရီကိုမှာ မည်သည့် စာရွက်ကို ရှာတွေ့ခဲ့ခြင်း ဖြစ်လေသနည်း။ အင်ရီကိုက သစ္စာဖောက်ဟု ပြောလိုက်ချိန်တွင် သူမမှာ ချက်ချင်း ဘယ်ရီ၏ အလွန် ထူးဆန်းသော အပြုအမူများက ခေါင်းထဲသို့ ဝင်လာသည် ။ သို့ရာတွင် သေနတ် ပစ်ခတ်သော အချိန်၌ ဘယ်ရီမှာ သူမ၏ ဘေးနား တွင် ရှိနေခဲ့သည် ။

ဒါဖြင့် ဘယ်သူပစ်တာလဲ... ထရန့်စ် ပြောတဲ့ လူက ဘယ်သူပါလိမ့်... အင်ရီကို ဘယ်သူ့ကို တွေ့ခဲ့တာလဲ။

ဂျေးလ်မှာ ထုံထိုင်းထိုင်း ဖြစ်လျက် တစ်ယောက်တည်း အင်ရီကို၏ အေးစက်နေသော လက်ကို ဆုပ်ကိုင်ထားရင်း ဘယ်ရီ ပြန်အလာကို စောင့်နေ၏။

***